**NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA**

PO Box 315, Post Office, Chaiang Mai 50000, Thailand, Mobile: +66(0)819 615 992, Tel/Fax: 053-304-404

office@nd-burma.org, www.nd-burma.org

# မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)၏ အစီရင်ခံစာ

## သတင်းထုတ်ပြန်ချက်

**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်**

၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို မှတ်တမ်းတင်ထားသည့် အစီရင်ခံစာအား လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) မှ ထုတ်ပြန်လိုက်သည်။

အစီရင်ခံစာတွင် အစိုးရနှင့် စစ်တပ်က မြန်မာနိုင်ငံတဝှန်း ကျူးလွန် ချိုးဖောက်ခဲ့သည့် ဖြစ်ရပ် ၁၄၇ ခုကို မှတ်တမ်းတင် ဖော်ပြထားသည်။ ထိုအရေအတွက်မှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက် အားလုံးကို လွှမ်းခြုံ ကိုယ်စားပြုနိုင်လောက်သည့် အရေအတွက်မဟုတ်ပါ။ အကြောင်းမှာ မှတ်တမ်းတင်ရာတွင် အန္တရာယ် အခက်အခဲများရှိခြင်းနှင့် အစိုးရအနေဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် နှောင့်ယှက်ဟန့်တားမှုများ ပြုလုပ်နေ၍ဖြစ်သည်။

နှောင့်ယှက်ဟန့်တားမှုများ ရှိနေသော်လည်း ND-Burma အနေဖြင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ကို ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း ဖြစ်ရပ် ၄၀၊ မတရား အခွန်ကောက်ခံခြင်း ၂၃ ခု၊ အတင်းအကြပ် လုပ်အားပေးစေခိုင်းခြင်း ၂၀ ခု၊ ညှင်းပန်းနှိပ်စက်မှု ၁၆ ခုနှင့် သတ်ဖြတ်မှု ၁၀ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ချိုးဖောက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ပြီး စစ်တပ်နှင့် စီးပွားရေးလုပ်ငန်းများ နီးစပ်စွာ ပတ်သက်ဆက်စပ် နေခြင်းတို့ကြောင့်ဖြစ်သည်။

အဆိုပါ ချိုးဖောက်မှုများကို လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများနှင့် အပစ်အခတ်ရပ်စဲရေး ဒေသများတွင်ပါ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ND-Burma ၏ တွေ့ရှိချက်များက ပြသနေသည်မှာ အစိုးရအနေဖြင့် လက်နက်ကိုင်အင်အားစုများနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များ ရရှိသည်အထိ တိုးတက်မှုများ ရှိနေသော်ငြားလည်း မြန်မာပြည်သူများအား လူ့အခွင့်အရေးအရ အကာအကွယ်ပေးနိုင်မှု မဆိုသလောက်သာ ရှိ သည်ဟူသည့် အချက်ဖြစ်သည်။ သို့သော်လည်း ND-Burma အနေဖြင့် တွေ့ရှိသည်မှာ အပစ်အခတ်ရပ်စဲထားသည့် ဒေသများရှိ ချိုးဖောက်မှုများသည် လက်နက်ကိုင်တိုက်ပွဲများနှင့် ဆက်စပ်သည့် အခြေအနေမှ စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝသယံဇာတ တူးဖော်ထုတ်ယူမှုနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများအဖြစ် ပုံစံပြောင်းသွားသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် နှောင့်ယှက်၊ တားဆီးမှုများရှိ နေသော်လည်း ပြည်သူလူထုသည် ၎င်းတို့ နာကျင်ခံစားနေရသည့် ဒုက္ခများ၏ အမှန်တရားနှင့် ပတ်သက်ပြီး စတင်ပြောဆိုလာကြသည်။ ကချင်လယ်သမားတဦးဖြစ်သည့် လထော်ဘရန်ရှောင်၏ အဖြစ်အပျက်တွင် သူ့အားညှင်းပန်းနှိပ်စက်ခြင်း အကြောင်းကို ထုတ်ဖော် ပြောဆိုမှုက ထင်ရှားသည့် သာဓကဖြစ်သည်။ ထို့အပြင် ရှစ်လေးလုံးငွေရတုနှစ်ပတ်လည် အခမ်းအနားတွင်လည်း တက်ရောက်လာသူများမှ ဂန်ချတောင်းပန်ခြင်း၊ အထိမ်းအမှတ်၊ အမှတ်တရများ၊ အမှန်တရားရှာဖွေခြင်းနှင့် ခွင့်လွှတ်ခြင်း အပါအဝင် အတိတ်ကာလ ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး မည်သို့ကိုင်တွယ်ဆောင်ရွက်သင့်သည်ကို စတင်ပြောဆို လာကြသည်။

ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ပြီး အစီရင်ခံစာ ထုတ်ပြန်ခြင်းသည် အတိတ်ကာနှင့်ပတ်သက်ပြီး ဦးတည်ကြိုးပမ်း ထုတ်ဖော်မှုအတွက် ပံ့ပိုးပေးခြင်းဖြစ်ပြီး ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ပေးနိုင်သည် ဟု ND-Burma မှ မျှော် လင့်ပါသည်။

အစီရင်ခံစာအပြည့်အစုံအား ပူးတွဲပါဖိုင် သို့မဟုတ် www.bur.nd-burma.org နေရာတွင် ရယူဖတ်ရှုနိုင်ပါသည်။

**ပိုမိုသိရှိလိုပါက**

**ဟန်ကြီး (ညှိနှိုင်းဆောင်ရွက်ရေးမှူး)**

**ဖုန်း (+၆၆) ၀၈၁၉၆၁၅၉၉၂ (ထိုင်းနိုင်ငံ)**

**ဆလိုင်းဘွေပိ (စည်းရုံးလှုံ့ဆော်ရေးအဖွဲ့)**

**ဖုန်း (+၉၅) ၀၉၇၃၀၂၃၁၃၉ (မြန်မာနိုင်ငံ)**